Australian Government

Department of Home Affairs

# Privacy notice
# ကိုယ်ရေးအချက်အလက်လုံခြုံမှုအသိပေးချက်

Form
1442i MYA
MYANMAR

The Department of Home Affairs (ပြည်ထဲ ရေးဌာန) (ဌာန) တွင် ဩစတြေးလျား နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့ ပါဝင်သည်။ The *Privacy Act 1988* (ကိုယ်ရေးအချက်အလက်လုံခြုံမှုအက်ဥပဒေ) အရ ဌာန သည်လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ကိုယ်ရေးသတင်းအချက်အလက်များကို ကောက်ယူရာတွင်ထိုသူအား အချို့သိသင့်သော အကြောင်းအရာများကို ကြိုတင်အသိပေး ထားရန်လိုအပ်သည်။ ဤပုံစံသည်သင့်ကို ထိုအကြောင်းအရာများ ကြိုတင်အသိပေးခြင်း ဖြစ်သည်။

## ကိုယ်ရေးသတင်းအချက်အလက်ဆိုတာဘာလဲ

ကိုယ်ရေးအချက်အလက်လုံခြုံမှုအက်ဥပဒေအရ ကိုယ်ရေးအချက်အလက်ဆိုသည်မှာ သင့်လျော်စွာ သတ်မှတ်ဖေါ်ထုတ်နိုင်သည့် လူတစ်ဦးတစ်ယောက်၏ အချက်အလက် သို့မဟုတ် သဘောထားတစ်ရပ်ဖြစ်သည်။

ဌာနသည် အကဲဆတ်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်တစ်ချို့ကိုလည်း ကိုယ်ရေးအချက်အလက်လုံခြုံမှုအက်ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း ကောက်ယူသည်။ ထိုပုဂ္ဂိုလ်၏ လူမျိုး သို့မဟုတ် တိုင်းရင်းသားဖြစ်မှု၊ လိင်မှုဆိုင်ရာ ဦးတည်မှု သို့မဟုတ် အလေ့အထများ၊ ရာဇဝတ်မှု မှတ်တမ်း၊ ကျန်းမာရေး သတင်းအချက်အလက်များ၊ ဇီဝခန္ဓာဆိုင်ရာ အချက်အလက်များ၊ ကျွမ်းကျင်မှု သို့မဟုတ် ကုန်သွယ်လုပ်ငန်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်ဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ အဖွဲ့ဝင်ဖြစ်မှုတို့ ပါဝင်သည်။

ဌာနကလက်ကိုင်ထားသောဥပဒေအစိတ်အပိုင်းများမှာ *Migration Act 1958* (the Migration Act) (ရွှေ့ပြောင်းနေထိုင်မှုအက်ဥပဒေ ၁၉၅၈ (ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ))၊ *Customs Act 1901* (the Customs Act) (အကောက်ခွန်ဥပဒေ ၁၉၀၁ (အကောက်ခွန်ဥပဒေ))၊ *Immigration (Guardianship of Children) Act 1946* (the IGOC Act) (လူဝင်မှုကြီးကြပ်ရေး (ကလေးသူငယ်များ အုပ်ထိန်းမှု) အက်ဥပဒေ ၁၉၄၆ (လဝက ကလေးသူငယ် အက်ဥပဒေ))၊ *Excise Act 1901* (the Excise Act) (အခွန်အက်ဥပဒေ ၁၉၀၁ (အခွန်အက်ဥပဒေ))၊ *Australian Border Force Act 2015* (the Border Force Act) (ဩစတြေးလျား နယ်စပ်တပ်ဖွဲ့အက်ဥပဒေ ၂၀၁၅ (နယ်စပ်တပ်ဖွဲ့ အက်ဥပဒေ))၊ *Maritime Powers Act 2013* (Maritime Powers Act) ရေကြောင်းအင်အား အက်ဥပဒေ ၂၀၁၃ (ရေကြောင်းအင်အား အက်ဥပဒေ) နှင့် *Australian Citizenship Act 2007* (the Citizenship Act) ( ဩစတြေးလျား နိုင်ငံသားအက်ဥပဒေ ၂၀၀၇ (နိုင်ငံသားအက်ဥပဒေ)) တို့ဖြစ်သည်။

## ပုဂ္ဂိုလ်ရေးသတ်မှတ်ဖေါ်ထုတ်ချက်များ

ရွှေ့ပြောင်းနေထိုင်မှုအက်ဥပဒေနှင့် နိုင်ငံသားဖြစ်မှုအက်ဥပဒေတို့တွင် သတင်းအချက်အလက် ကောက်ခံခြင်း၊ အသုံးပြုခြင်းနှင့်/သို့မဟုတ် ဇီဂအချက်အလက် မှတ်တမ်း (ပုဂ္ဂိုလ်ရေးသတ်မှတ်ဖေါ်ထုတ်ချက်များ ဟုလည်း ခေါ်ဝေါ်ကြသည်) အပါအဝင် သင်၏ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ ဖေါ်ထုတ်ခြင်းဆိုင်ရာ ပြဌာန်းချက်များ အတိအကျ ပါရှိသည်။

ထိုအက်ဥပဒေများသည် ပုဂ္ဂိုလ်ရေးသတ်မှတ် ဖေါ်ထုတ်ချက်များတွင် အောက်ပါတို့ပါဝင်ရမည်ဟု သတ်မှတ်သည်။

- လက်ဗွေရာများ သို့မဟုတ် လက်ဖဝါးရာများ
- မျက်နှာနှင့် ပုခုံး ဓါတ်ပုံ
- အသံ သို့မဟုတ် ရုပ်သံမှတ်တမ်း (ရွှေ့ပြောင်း နေထိုင်မှုအက်ဥပဒေအတွက်သာ ရည်ရွယ်ပြီး ချွင်းချက်အနည်းငယ်သာရှိသည်။)
- အရပ် နှင့် ကိုယ်အလေးချိန် အတိုင်းအတာ
- မျက်ကြည်လွှာပုံရိပ်မိတ္တူ
- ထိုးမြလက်မှတ် သို့မဟုတ်
- နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း အခြား ပုဂ္ဂိုလ်ရေးသတ်မှတ်ဖေါ်ထုတ်ချက်များ။

ဇီဂအချက်အလက်မှတ်တမ်း (ပုဂ္ဂိုလ်ရေးသတ်မှတ် ဖေါ်ထုတ်ချက်များ) ကိုကောက်ယူနိုင်သည် သို့မဟုတ် လူတစ်ဦးချင်းစီအား စစ်ဆေးအတည်ပြုနိုင်သည်။

- ခရီးသွားနေစဉ် လေဆိပ်များ၌
- ပြည်တွင်းဗီဇာ လျှောက်ထားသူများ အတွက် (ကာကွယ်မှုဗီဇာ လျှောက်ထားသူများ အပါအဝင်)
- ဩစတြေးလျား အသိုင်းအဝိုင်းအတွင်း နိုင်ငံသားမဟုတ်သူများ
- လူဝင်မှုကြီးကြပ်ရေး စခန်းတွင် ထိန်းသိမ်းခံ နေရသူများ
- ဩစတြေးလျားနိုင်ငံသား လျှောက်ထားသူများ။

## ဌာန၏လုပ်ငန်းများ နှင့် ကျွန်ုပ်တို့ကိုဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ

ဌာန၏လုပ်ငန်းရည်ရွယ်ချက်မှာ ဩစတြေးလျား နယ်စပ်ကို ကာကွယ်ရန်နှင့် လူများ၊ ကုန်ပစ္စည်းများ ဖြတ်သန်းသွားလာမှုကို အောက်ပါအတိုင်း အထောက်အကူဖြစ်စေရန် ဖြစ်သည်။

- ရွှေ့ပြောင်းနေထိုင်မှုများကို စီမံခန့်ခွဲခြင်းဖြင့် ဩစတြေးလျား၏ အနာဂတ်ကို သေချာစေခြင်း
- ဒုက္ခသည်များကို အကူအညီပေးခြင်းနှင့် နိုင်ငံတကာနှင့်အညီ လူသားချင်းစာနာမှု မူဝါဒကို ပံ့ပိုးခြင်း
- ဩစတြေးလျားနိုင်ငံ၏ လုံခြုံရေးကို နယ်စပ် စီမံခန့်ခွဲမှုနှင့် ခရီးသွားများ ကူညီပံ့ပိုးမှုများ မှတဆင့် အထောက်အကူဖြစ်စေခြင်း
- နယ်စပ်အခွန်အကောက်များနှင့် ကုန်သွယ်မှု စာရင်းဇယားများ ကောက်ယူခြင်း
- တရားဝင် ကုန်သွယ်မှုကို အထောက်အပံ့ ဖြစ်စေခြင်း
- ဩစတြေးလျားနိုင်ငံ၏ ရေကြောင်း လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများကို သေချာစေခြင်း
- ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဩစတြေးလျားနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေး ဥပဒေများနှင့် ညီညွတ်၍ မှန်မှန်ကန်ကန် လိုက်နာခြင်း
- ဩစတြေးလျားနိုင်ငံ၏ နိုင်ငံသားဖြစ်မှု ဥပဒေများနှင့် အညီ စီမံ ဆောင်ရွက်ခြင်း။

ဆက်သွယ်ရန်အသေးစိတ်လိပ်စာကို ဌာန၏ ဝက်ဘ်ဆိုဒ် **www.homeaffairs.gov.au** တွင် တွေ့နိုင်ပါသည်။

သင်၏သတင်းအချက်အလက်ကို ကျွန်ုပ်တို့က မှားယွင်းကောက်ယူသည် သို့မဟုတ် မှားယွင်း ကိုင်တွယ်သည်ဟု ယုံကြည်လျှင် သင့်အနေဖြင့်

- အွန်လိုင်း **www.homeaffairs.gov.au/feedback** တွင် အကြောင်းပြန်ကြားချက်ပုံစံတွင် ဖြည့်သွင်းနိုင်သည်။
- အောက်ပါလိပ်စာသို့စာရေးနိုင်သည်။
  The Manager
  Global Feedback Unit
  GPO Box 241
  Melbourne VIC 3001
  Australia

## သင်၏ကိုယ်ရေးအချက်အလက်များကို ဌာနက မည်သူ့ထံမှတစ်ဆင့် ကောက်ယူမည်နည်း။

ယေဘူယျအားဖြင့်ဌာနသည် (သို့မဟုတ်ဌာနက ကန်ထရိုက်ပေးထားသောဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူက) ဌာန၏လုပ်ငန်းတစ်ချို့ ဆောင်ရွက်နိုင်ရန် သင့်ထံမှတိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သင့်ကိုယ်စားဆောင်ရွက်ရန် သင်ကအခွင့်အာဏာပေးအပ်ထားသော တတိယလူတစ်ယောက်ထံမှ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေအရ ဖွင့်ဆိုချက်အတိုင်းအသိအမှတ်ပြုထားသော စနစ်အရလည်းကောင်း သင်၏သတင်းအချက်အလက် များကို ကောက်ယူမည် ဖြစ်သည်။ ို အစိုးရဌာနများ၊ ဥပဒေစိုးမိုးရေးဌာနများ၊ နိုင်ငံခြားအစိုးရများ၊ တာဝန်ခံသူများ၊ ဆေးပညာရှင်များ၊သင်က အမည်စာရင်းပေးသော အဖွဲ့အစည်းများ၊ ပညာရေးဝန်ဆောင်မှုပေးသူများ၊ အလုပ်ရှင်များနှင့် ဌာနသို့ ဆက်သွယ် သတင်းပေးသောပြည်သူများ (ဥပမာ-ဖုန်းဖြင့်သတင်းပေးသူများ) စသည့် တတိယသူတစ်ဦးဦးထံမှလည်းသင်၏ သတင်းအချက်အလက်များကို ကောက်ယူနိုင်သည်။

© COMMONWEALTH OF AUSTRALIA, 2020

## လူဝင်မှုကြီးကြပ်ရေးကိစ္စကိုဆောင်ရွက်သောအေဂျင်စီများသို့မဟုတ်ကန်ထရိုက်တာများ

ဌာနကိုယ်စားလုပ်ငန်းတစ်ချို့ဆောင်ရွက်နိုင်ရန်လုပ်ပိုင်ခွင့်ပေးအပ်ထားသည့်အစိုးရအေဂျင်စီများသည်သင်၏ကိုယ်ရေးအချက်အလက်များကိုဌာနကိုယ်စားကောက်ယူအသုံးပြုနိုင်သည်။

ကိုယ်ရေးအချက်အလက်များကို မိမိတို့ကိုယ်စား ကန်ထရိုက်များကလည်းစုဆောင်းအသုံးပြုကြသည်။ ဥပမာ လေကြောင်းလိုင်းများ၏ ပြည်တွင်းအဝင်နှင့် ပြည်ပအထွက်ကြိုတင်ခရီးသွား အစီအစဉ်များ၊ ကွန်ပြူတာစံနစ်များ၊ သုတေသန/လူတွေ့မေးမြန်းခြင်းများ၊ လူဝင်မှုကြီးကြပ်ရေး အထိန်းသိမ်းခံများအတွက် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျန်းမာရေး ဝန်ဆောင်မှုများဖြစ်သည်။ ကန်ထရိုက်များသည်ကိုယ်ရေးအချက်အလက်လုံခြုံမှု အက်ဥပဒေအရ ဆောင်ရွက်ရန်လိုအပ်သည်။

ပြည်တွင်းမှဖြစ်စေ ပြည်ပမှဖြစ်စေ ကန်ထရိုက် ယူထားသူများ အနေဖြင့် သတင်းအချက်အလက်လုံခြုံမှုအက်ဥပဒေကို လိုက်နာရန် ဌာနက ဆောင်ရွက်ရမည်ဖြစ်သည်။

# ဥပဒေအရလိုအပ်သော သို့မဟုတ် လုပ်ပိုင်ခွင့် ပေးထားသော ကိုယ်ရေး အချက်အလက်များကောက်ယူခြင်း

ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ၊ IGOC အက်ဥပဒေ၊ အကောက်ခွန်ဥပဒေ၊ အခွန်ဥပဒေ၊ ရေကြောင်းအင်အားအက်ဥပဒေ၊ နိုင်ငံသားဥပဒေနှင့် ကိုယ်ရေးအချက်အလက်လုံခြုံမှုအက်ဥပဒေနှင့် အခြားလိုအပ်ချက်များအရဌာနသည်အချို့သောကိုယ်ရေးအချက်အလက်များကိုဥပဒေအရဆောင်ရွက်ရန်လိုအပ်သည်။

## ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ

ဗီဇာလျှောက်ထားမှုများအရ ဌာနသည်

- လျှောက်ထားချက်များအရ လိုအပ်သော သတင်းအချက်အလက်များကောက်ယူခွင့်ရှိသည်။
- သင့်ကို "ပုဂ္ဂိုလ်ရေးသတ်မှတ်ဖော်ထုတ်ခြင်း" ပြုလုပ်ရန်လိုအပ်နိုင်သည်။ (ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ ပုဒ်မ ၄၀ နှင့် ၄၆ ကိုကြည့်ပါ။)

ဗီဇာလျှောက်ထားသူ နှင့် ဗီဇာလက်ဝယ်ရှိထားသူ တစ်ချို့ သည် လျှောက်လွှာတွင်ဖော်ပြထားသော အချက်အလက် မမှန်ကန်ခြင်း သို့မဟုတ်ပြောင်းလဲထားခြင်း ရှိပါက ဌာနကို အကြောင်းကြားရမည်။ (ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ ပုဒ်မ ၁၀၄ နှင့် ၁၀၅ ကိုကြည့်ပါ။)

ဌာနသည် သင်၏ ပုဂ္ဂိုလ်ရေးသတ်မှတ် ဖော်ထုတ်ချက်တစ်ခု သို့မဟုတ် အများကို ရွှေ့ပြောင်းနေထိုင်မှုအက်ဥပဒေနှင့် ရွှေ့ပြောင်းနေထိုင်မှု နည်းဥပဒေ ၁၉၉၄ အရ တောင်းခံနိုင်သည်။

ဩစတြေးလျားနိုင်ငံသို့ဝင်ရောက်လျှင်ဌာနသည်သင်၏ကိုယ်ရေးအချက်အလက်တစ်ချို့လိုအပ်နိုင်သည်။ (ဥပမာ- နိုင်ငံသားများအတွက် နိုင်ငံကူးလက်မှတ်နှင့် နိုင်ငံသားမဟုတ်သူများအတွက် သက်သေခံ လက်မှတ်နှင့် ဗီဇာအထောက်အထား) အကယ်၍ သင်သည် နိုင်ငံသားမဟုတ်ပါက လိုအပ်သော အထောက်အထားများလုံလောက်စွာ မပေးနိုင်လျှင် ဩစတြေးလျားနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ကို ငြင်းပယ်ခံရလိမ့်မည်။ ထိုအချက်အလက်များမပေးပါက ဩစတြေးလျား နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းကိုငြင်းပယ်ခံရနိုင်သည်။ (ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေပုဒ်မ ၂၇၅က ကိုကြည့်ပါ။)

ဩစတြေးလျားနိုင်ငံမှထွက်ခွာလျှင်ဌာနသည်ပုဂ္ဂိုလ်ရေးသတ်မှတ်ဖော်ထုတ်ချက်တစ်ချို့ပေးအပ်ရန် တောင်းဆိုနိုင်သည်။ (ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေပုဒ်မ ၂၅၇က ကိုကြည့်ပါ။)

တရားမဝင်သော နိုင်ငံသားမဟုတ်သူအဖြစ်သတ်မှတ်ရန် ဌာနသည်အောက်ပါတို့ကိုလိုအပ်သည်။

- ပုဂ္ဂိုလ်ရေးသတ်မှတ်ဖော်ထုတ်ချက်အပါအဝင်ကိုယ်ရေးအချက်အလက်နှင့်ဗီဇာအခြေအနေအထောက်အထား (ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ၁၈၈ ကိုကြည့်ပါ။)
- တရားမဝင်သော နိုင်ငံသားမဟုတ်သူအဖြစ် သံသယရှိသူသည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မည်သည့် နေရာတွင် ရောက်ရှိနေကြောင်း အထောက်အထား သို့မဟုတ် သတင်းအချက် အလက်ကိုပေးရန် လူတစ်ယောက် (ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ ပုဒ်မ ၁၈ ကိုကြည့်ပါ။)

လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် နေထိုင်သူများသည် ပုဂ္ဂိုလ်ရေးသတ်မှတ်ဖော်ထုတ်ချက်များ ပေးအပ်ရမည်။ (ရွှေ့ပြောင်းနေထိုင်ခြင်းအက်ဥပဒေ ပုဒ်မ ၂၅၈ နှင့် ၂၆၁ကက(၁) နှင့် ရွှေ့ပြောင်းနေထိုင်ခြင်းနည်းဥပဒေ အမှတ် ၃.၃၀ ကိုကြည့်ပါ။)

လုပ်ငန်းတာဝန်ခံများနှင့်ပတ်သက်၍ ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေအပိုင်း၂ အခန်း၃က၊ အခန်းခွဲစတွင်ဖော်ပြထားသော ကြီးကြပ်သူ၏ လုပ်ပိုင်ခွင့်အရ ဌာန နှင့် Fair Work Ombudsman (FWO) (မျှတသော ခုံသမာဓိရုံး (FWO)) တို့က ပုဂ္ဂိုလ်ရေးအချက်အလက်များကိုကောက်ခံနိုင်သည်။

ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေပုဒ်မ၂၅၂ တွင် ပါဝင်သော ရှာဖွေခွင့်အာဏာ၏ ရည်ရွယ်ချက်များဖြင့် ခွင့်ပြုချက်ရရှိထားသောအရာရှိသည် လူပုဂ္ဂိုလ်ပေါ်တွင် သို့မဟုတ် ၎င်း၏လတ်တလော ထိန်းချုပ်နိုင်သည့် ဧရိယာတစ်ပိုက်ရှိတွင်တွေ့ရှိရသော ထိုပုဂ္ဂိုလ်၏ စာရွက်စာတမ်း သို့မဟုတ် အရာဝတ္ထုကို ထိန်းသိမ်းနိုင်ပြီး ထိုအရာသည် ဥပမာအားဖြင့် ထိုပုဂ္ဂိုလ်၏ ဗီဇာကို ငြင်းပယ်နိုင်သည့် အထောက်အထား ဖြစ်သွားနိုင်သည်။

အရာရှိသည် အပြစ်ပေးသည့်အနေဖြင့် အတုအယောင် စာရွက်စာတမ်းများကို သိမ်းယူနိုင်သည်။ (စာရွက်စာတမ်းများကို မည်သို့ ကိုင်တွယ်ရမည် ဆိုသည့်အချက်ပါဝင်သော ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ အပိုင်း ၉ အခန်း ၁ နှင့် ပုဒ်မ ၄၈၇ယည ကိုကြည့်ပါ။)

## နိုင်ငံသားအက်ဥပဒေ

ဌာနသည် ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များစွာကို နိုင်ငံသားတစ်ဦး၏ လိုအပ်ချက်ပြည့်မီသည်အထိ ကျေနပ်လောက်အောင် စုဆောင်းနိုင်သည်။

နိုင်ငံသားလျှောက်လွှာများနှင့် ဆက်စပ်၍ ပုဂ္ဂိုလ်ရေး သတ်မှတ်ဖော်ထုတ်ချက်များကို တောင်းဆိုရန် မိမိတို့တွင် လုပ်ပိုင်ခွင့်ရှိသည်။ ဆုံးဖြတ်ခွင့်ရှိသူသည် သင်၏ ပုဂ္ဂိုလ်ရေး သတ်မှတ်ဖော်ထုတ်ချက်ကို စိတ်ကျေနပ်မှုမရှိသေးပါက လျှောက်လွှာကိုအတည်ပြုမည်မဟုတ်ပါ။ (နိုင်ငံသားဥပဒေ အပိုင်း ၂ ၏ အခန်း ၅ နှင့် ပုဒ်မ ၁၇(၃)၊ ၁၉ ဃ(၄)၊ နှင့် ၃၀(၃) တို့ကိုကြည့်ပါ။)

ကိုယ်စားလှယ်တစ်ဦးသည် စာရွက်စာတမ်းအတုများကို အပြစ်ပေးသည့်အနေဖြင့် သိမ်းယူနိုင်သည်။ (စာရွက်စာတမ်းများကို မည်သို့ ကိုင်တွယ်ရမည် ဆိုသည့်အချက်ပါဝင်သော နိုင်ငံသားအက်ဥပဒေ အပိုင်း ၃ အခန်း ၁ နှင့် ပုဒ်မ ၄၅ခ ကိုကြည့်ပါ။)

## IGOC အက်ဥပဒေ

*Immigration (Guardianship of Children) Act 1946* (the IGOC Act) (လူဝင်မှုကြီးကြပ်ရေး (ကလေးသူငယ်များ အုပ်ထိန်းမှု) အက်ဥပဒေ ၁၉၄၆ (IGOC အက်ဥပဒေ)) နှင့် ၎င်း၏ နည်းဥပဒေအရ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးသည် နိုင်ငံသားမဟုတ်သော မိဘ သို့မဟုတ် ဆွေးမျိုးစသော အသက် ၂၀ နှစ်နှင့်အထက်အဖော်မပါသည့် ကလေးသူငယ် အချို့၏ (IGOC ကလေးသူငယ်များ ဟုလည်း ခေါ်ကြသည်) အုပ်ထိန်းသူဖြစ်သည်။

အုပ်ထိန်းမှုဆိုင်ရာလုပ်ငန်းတာဝန်များကျေပြွန်စေရေး အကူအညီပေးရာတွင် IGOC အက်ဥပဒေအရ ဝန်ကြီးအား သူ၏အုပ်ထိန်းမှုလုပ်ပိုင်ခွင့်နှင့် လုပ်ငန်းများကို ဓနသဟာယအတွင်း သို့မဟုတ် ပြည်နယ်၊ သို့မဟုတ် ခရိုင်အစိုးရ အရာရှိများသို့ လွှဲပြောင်းပေးနိုင်သည်။ ("လုပ်ပိုင်ခွင့်ပေးထားသော အုပ်ထိန်းသူများ"ဟု ခေါ်ကြသည်။) သင့်တော်သော ဆန္ဒရှိသည့်ပုဂ္ဂိုလ် အဖွဲ့အစည်းများကိုလည်း IGOC ကလေးသူငယ်များ၏ အုပ်ထိန်းသူများအဖြစ် ခန့်အပ်နိုင်သည်။ ယေဘူယျအားဖြင့် အုပ်ထိန်းသူ တစ်ဦးသည် ကလေးသူငယ်တစ်ဦးအား ထိန်းသိမ်းထားချိန်အတွင်း နေ့စဉ်စောင့်ရှောက်မှုနှင့် ထိန်းချုပ်မှုအတွက် ဆုံးဖြတ်ဆောင်ရွက်ရန် အခွင့်အရေးနှင့် တာဝန်များရှိသည်။

IGOC အက်ဥပဒေအရ ကလေးများအား နေ့စဉ် ပြုစုစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ဌာနသည် IGOC ကလေးသူငယ်များနှင့် အုပ်ထိန်းသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ကောက်ယူသည်။ IGOC ကလေးများအား နေ့စဉ် ပြုစုစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလိုအပ်ချက်များ ပြည့်ဝစေရန် ဌာနသည် လိုအပ်သည့်အခါတိုင်း လုံခြုံမှုအက်ဥပဒေအရ အောက်ပါတို့ကို/ တို့ထံမှ ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များအား ပေးပို့/ ကောက်ခံနိုင်သည်။

- ကလေးသူငယ် ဝန်ဆောင်မှု အေဂျင်စီများအပါအဝင် ပြည်နယ်/ခရိုင် အာဏာပိုင်များ၊
- လုပ်ပိုင်ခွင့်ပေးထားသော အုပ်ထိန်းသူများ
- အထိန်းသိမ်းခံများ
- မိဘ၊ ပြုစုစောင့်ရှောက်သူများ နှင့်/သို့မဟုတ် ဆွေမျိုးများနှင့်/ သို့မဟုတ်
- အခြား ဩစတြေးလျားအစိုးရ အေဂျင်စီများ။

## အကောက်ခွန်အက်ဥပဒေနှင့် အခွန်အက်ဥပဒေ

ဌာနသည် ပုဂ္ဂိုလ်ရေးနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်အမျိုးမျိုးကို အကောက်ခွန်နှင့် အခွန်အက်ဥပဒေများအား (ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေနှင့် အခွန်ကောက်မှု ဥပဒေများ အပါအဝင်) ကျင့်သုံးသည့်အနေဖြင့် ကောက်ယူခွင့်ရှိသည်။ အထူးသဖြင့် ဩစတြေးလျားနိုင်ငံ၏ နယ်စပ်ကိုကာကွယ်ရန်နှင့် နယ်စပ်အခွန်များ သေချာစွာကောက်ယူနိုင်ရန် သတင်းအချက်အလက်များရယူခြင်းဖြစ်သည်။

တစ်ချို့နေရာများတွင် သင့်ထံမှ ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်များကို အကောက်ခွန်နှင့် အခွန်အက်ဥပဒေများ၊ အခွန်ကောက်မှု ဥပဒေများအရ ကောက်ယူရာတွင် အသုံးပြုသော ပုံစံများ၌ ကောက်ယူပုံ ကြိုတင်သတိပေးချက်ကိုပါ ထည့်သွင်းထားသည်။ ထိုပုံစံများသည် စာရွက်စာတမ်းများအတွင်း ကောက်ယူထားသော ပုဂ္ဂိုလ်ရေး


© COMMONWEALTH OF AUSTRALIA, 2020

သတင်းအချက်အလက်များ ကောက်ယူမှု၊ အသုံးပြုပုံနှင့် ဖော်ထုတ်ပုံနှင့်ပါတ်သက်သော သတင်းအချက် အလက်အတိအကျကို ဖော်ပြထားပြီး ယခု သတင်းအချက်အလက် လုံခြုံမှု ကြေငြာတင်သတိပေးလွှာဖြင့်တွဲ၍ ဖတ်သင့်သည်။

ဥပမာအားဖြင့် အကောက်ခွန်အက်ဥပဒေ 64ACA နှင့် 64ACB တို့အရ ဌာနသည် အကောက်ခွန်အက်ဥပဒေ၊ ရွှေ့ပြောင်းနေထိုင်မှုအက်ဥပဒေနှင့် အခြားဥပဒေများကို ကျင့်သုံးသည့်အနေဖြင့် ဩစတြေးလျားသို့ ရောက်ရှိလာသော ခရီးသည်များနှင့် သင်္ဘော၊ လေယဉ်ပျံအလုပ်သမားများ၏ အချို့ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်များကို ကောက်ခံရန်လိုသည်။

## ရေကြောင်းအင်အား အက်ဥပဒေ

ဌာနသည် ရေပြင်စိုးမိုးရေးအေဂျင်စီများက ရေကြောင်းအင်အားအက်ဥပဒေကို ကျင့်သုံးသည့် အနေဖြင့် ပုဂ္ဂိုလ်ရေး အချက်အလက်များကို ကောက်ခံခွင့်ရှိသည်။ တရားမဝင်နိုင်ငံခြားမှ ငါးဖမ်းမှုများ၊ အကောက်ခွန်များ၊ ရေကြောင်းအကြမ်းဖက်မှု ဆန့်ကျင်ရေး၊ ရွှေ့ပြောင်းနေထိုင်ခြင်း၊ သီးခြားခွဲထားခြင်းနှင့် မူးယစ်ဆေးဝါးကုန်ကူးခြင်းနှင့် ပင်လယ်တွင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များနှင့် စီမံခန့်ခွဲမှုများအပါအဝင် ဩစတြေးလျား၏ ရေကြောင်းနှင့် ဆက်စပ်သောဥပဒေများကို စိုးမိုးရန်ဆောင်ရွက်ရာတွင် ထိုလုပ်ပိုင်ခွင့်များက အထောက်အကူဖြစ်စေသည်။

## ကိုယ်ရေးအချက်အလက်လုံခြုံမှုအက်ဥပဒေ

ကိုယ်ရေးအချက်အလက်လုံခြုံမှုအက်ဥပဒေသည် အောက်ပါ အချက်အလက်များကို ကောက်ယူရန်ခွင့်ပြုသည်။

- ဥပဒေအရ သို့မဟုတ် ဆက်စပ်သည့်လုပ်ငန်းများကို အရေးယူဆောင်ရွက်နိုင်ရန်အတွက် သို့မဟုတ် သင်၏သဘောတူညီချက်ဖြင့် ခွင့်ပြုထားသော ထိခိုက်လွယ်သည့် သတင်းများ၊
- ကျိုးကြောင်းခိုင်လုံစွာ လိုအပ်သော သို့မဟုတ် ဌာန၏ လုပ်ငန်းများ၊ သို့မဟုတ် လှုပ်ရှားမှုများနှင့် တိုက်ရိုက်သက်ဆိုင်နေသော အခြားပုဂ္ဂိုလ်ရေး ဆိုင်ရာ သတင်းအချက်အလက်များ။

## ဥပဒေစိုးမိုးရေးအတွက်ဌာနက တာဝန်ရှိသော အက်ဥပဒေများ

ဌာနသည် အချို့ရည်ရွယ်ချက်များအရ အောက်ပါအက်ဥပဒေများအတွက် ဥပဒေစိုးမိုးရေးအေဂျင်စီအဖြစ် ဆောင်ရွက်ရသည်။ *Crimes Act 1914,* the *Criminal Code Act 1995,* the *Australian Nuclear Science and Technology Organisation Act 1987* (the ANSTO Act) and the *Independent National Security Legislation Monitor Act 2010* (ရာဇဝတ်မှုများအက်ဥပဒေ ၁၉၁၄၊ ရာဇဝတ်မှုဆိုင်ရာကိုအောက်ဥပဒေ ၁၉၉၅၊ ဩစတြေးလျားအနုမြူသိပ္ပံနှင့်နည်းပညာ အဖွဲ့အစည်းများအက်ဥပဒေ ၁၉၈၇ (အနုမြူနှင့်နည်းပညာအက်ဥပဒေ) နှင့် လွတ်လပ်သောအမျိုးသားလုံခြုံရေး ဥပဒေများ စောင့်ကြည့်လေ့လာရေးအက်ဥပဒေ ၂၀၁၀)။ ဌာနသည် ၎င်း၏ လုပ်ငန်းများနှင့် တာဝန်များကို အဆိုပါအက်ဥပဒေများအရ ဆောင်ရွက်ရန်အလို့ငှာ ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များကို ကောက်ခံနိုင်ပါသည်။

## သင်၏ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ စုဆောင်းရသည့် ရည်ရွယ်ချက်

ပုဂ္ဂိုလ်ရေးဆိုင်ရာသတင်းအချက်အလက်များကိုစုဆောင်းရသည့်အဓိကရည်ရွယ်ချက်မှာသင်၏လူဝင်မှု ဆိုင်ရာ၊ နိုင်ငံသားဖြစ်မှုဆိုင်ရာ လမ်းကြောင်း၊ ကုန်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် ရွေ့လျားစီးဆင်းမှုနှင့် ဆက်စပ်၍ ဌာန၏ လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်သည်။

- ဗီဇာ နှင့်ရွှေ့ပြောင်းနေထိုင်မှု
- အခွန်၊ ကျန်းမာရေး၊ သီးခြားခွဲထားခြင်း၊ ကုန်သွယ်မှု၊ ရာဇဝတ်မှု၊ အသိဉာဏ်ပစ္စည်းနှင့် ရပ်ရွာကာကွယ်မှုဥပဒေများအပါအဝင် အချို့သော အခြားဩစတြေးလျား ဥပဒေများကို ကျင့်သုံးခြင်းအပါအဝင် အကောက်ခွန်နှင့် ကုန်ပစ္စည်းအခွန်အခများ၊
- ဒုက္ခသည်နှင့်လူသားချင်းစာနာမှု အကူအညီ
- နယ်စပ်စီမံခန့်ခွဲမှု
- ဗီဇာထုတ်ပေးခြင်းနှင့်လူဝင်မှုအခြေအနေ ဆုံးဖြတ်ချက်များ
- (ဥပဒေစိုးမိုးရေးအားထုတ်မှု၊ လူမှုဖူလုံရေး ဝန်ဆောင်မှုများပေးခြင်းနှင့် အခြေချ နေထိုင်ခြင်း စသည့် ဝန်ဆောင်မှုပေးသူများ နှင့် ကမ်းလွန်လုပ်ငန်းစဉ်များကို အထောက်အကူပေးသော နိုင်ငံခြားမှ အာဏာပိုင်များ အပါအဝင်) လူဝင်မှုထိန်းသိမ်းရေး၊ ဖယ်ရှားရေး သို့မဟုတ် ဒေသဆိုင်ရာစီမံဆောင်ရွက်မှုစင်တာသို့ ပို့ခြင်း
- နိုင်ငံသားဖြစ်ခြင်း။

ဗီဇာ၊ တာဝန်ခံမှု၊ ကုန်သွယ်မှု၊ သွင်းကုန်ထုတ်ကုန်၊ သီးခြားဖယ်ထားမှု သို့မဟုတ် နိုင်ငံသားဖြစ်မှု လျှောက်လွှာများတွင် သင်ကဖော်ပြသော သတင်းအချက်အလက်များကို ထိုမူလရည်ရွယ်ချက်များ အတွက် အသုံးပြုမည်။

ကိုယ်ရေးအချက်အလက်လုံခြုံမှုအက်ဥပဒေအရသတင်းအချက်အလက်များကိုအခြားရည်ရွယ်ချက်များအတွက်လည်းအသုံးပြုနိုင်သည်။ယေဘူယျအားဖြင့်ဌာနကမိမိ၏သတင်းအချက်အလက်များကိုအသုံးပြု သို့မဟုတ် ဖော်ထုတ်ရန်မိမိသမာရိုးကျမျှော်လင့်ထားသည့်အရာသည်မူလရည်ရွယ်ချက်ဖြစ်သည်။နောက်ထပ်ရည်ရွယ်ချက်ဆိုသည်မှာမူလရည်ရွယ်ချက်နှင့်တိုက်ရိုက်သက်ဆိုင်သောသတင်းအချက်အလက် (ထိခိုက်လွယ်သည့်အချက်အလက်များ) သို့မဟုတ်မူလရည်ရွယ်ချက်နှင့်ဆက်စပ်သောသတင်းအချက်အလက် (အခြားပုဂ္ဂိုလ်ရေးအချက်အလက်များ) ဖြစ်သည်။ဥပမာအားဖြင့်ဗီဇာလျှောက်လွှာတွင်သင်ဖော်ပြထားသောအချက်အလက်များသည် နောက်ထပ်လျှောက်လွှာများတွင်လည်း အသုံးပြုနိုင်သည်။ (*Freedom of Information Act 1982* (သတင်းအချက်အလက်လွတ်လပ်ခွင့် အက်ဥပဒေ ၁၉၈၂) နှင့် ကိုယ်ရေးအချက်အလက် လွတ်လပ်ခွင့် အက်ဥပဒေများအရအပါအဝင်) ထို့အပြင်သင်ပေးထားသောဆက်သွယ်ရန်အချက်အလက်များမှတစ်ဆင့်လူဝင်မှုနှင့်ဆက်စပ်သောပြဿနာများအတွက်သင့်ကိုဆက်သွယ်နိုင်သည်။

## ဌာနကသင်၏ကိုယ်ရေးအချက်အလက်ကို မစုဆောင်းထားခြင်း ကြောင့် ဖြစ်ပေါ် လာနိုင်သော နောက်ဆက်တွဲများ

သင်၏ကိုယ်ရေးအချက်အလက်များကိုကောက်ယူစုဆောင်းထားခြင်းမရှိပါကဌာနသည်သင်၏ဗီဇာသို့မဟုတ် နိုင်ငံသား နှင့်ပတ်သက်၍ ဆက်လက် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ သို့မဟုတ် (လိုအပ်လျှင်) သင့်ကို ကုန်သွယ်မှု၊ ထုတ်ကုန်သွင်းကုန်နှင့် သီးခြားခွဲထားမှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးနိုင်မည်မဟုတ်ပါ။

သင်၏ ကိုယ်ရေးအချက်အလက်ကို ကောက်ယူရန် ပျက်ကွက် ခြင်းကြောင့် ဌာန၏ ဆောင်ရွက်ရမည့် ဝတ္တရား၊ (အထူးသဖြင့် သဘောတူလိုက်လျောခြင်း)၊ စောင့်ရှောက် ရမည့်ဝတ္တရားများ သို့မဟုတ် ဩစတြေးလျား၏ နိုင်ငံတကာ ကတိကဝတ် များကိုပျက်ကွက်စေပြီး စွမ်းရည်ကို ထိခိုက်စေသည်။

## သင်၏ ကိုယ်ရေးအချက်အလက်များကို တတိယအဖွဲ့များသို့ ပုံမှန်ဖော်ထုတ်အသိပေးခြင်း

### အမည်စာရင်းတင်သွင်းထားသော ကိုယ်စားလှယ်များသို့ ဖော်ထုတ်အသိပေးခြင်း

တစ်ဦးတစ်ယောက်အားအမည်စာရင်း တင်သွင်း ထားလျှင် (ဥပမာမိသားစုအဖွဲ့ဝင်၊ ရွှေ့ပြောင်းနေထိုင်မှု ကိုယ်စားလှယ်၊ အကောက်ခွန်ပွဲစား၊ ခရီးသွားသို့မဟုတ်လေကြောင်းကိုယ်စားလှယ်၊ညှိနှိုင်းရေးမှူး၊လွှတ်တော်ကိုယ်စားလှယ်သို့မဟုတ်သင့်အားကိုယ်စားပြုပေးမည့်သူ) သင့်ကိုယ်ရေး အချက်အလက်များကိုထိုတတိယသူများထံသို့ သင်ကထိုသို့မပြုလုပ်ရန် တင်ပြထားခြင်း မရှိပါက ဖော်ထုတ်အသိပေးနိုင်သည်။

### အခြားအစိုးရကိုယ်စားလှယ်များထံ ပုံမှန်ဖော်ထုတ် အသိပေးခြင်း

ထို့အပြင် ဌာနသည် အချို့အခြေအနေများတွင် ပုဂ္ဂိုလ်ရေးအချက်အလက်များကို အခြားအစိုးရဌာနများထံသို့ ၎င်းတို့၏ လုပ်ငန်းဆောင်တာများဆောင်ရွက်နိုင်ရန် သို့မဟုတ် အခြားအေဂျင်စီများက ၎င်းတို့၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အကူအညီဖြစ်စေရန် အတွက် ဖော်ပြအသိပေးနိုင်ပြီး ထိုသို့ဖော်ပြအသိပေးရန် နယ်စပ်တပ်ဖွဲ့အက်ဥပဒေ သို့မဟုတ် အခြားဥပဒေများအရ ခွင့်ပြုချက်ရသည်။ ဥပမာအားဖြင့် သင်၏ ပုဂ္ဂိုလ်ရေးဖော်ထုတ်မှုကို အတည်ပြုနိုင်ရန်၊ သင်ကပေးအပ်လာသည့် အထောက်အထား များကိုစိစစ်ရန်၊အချက်အလက်များပြန်လည်ကိုက်ညီရန်သို့မဟုတ်လိုက်လျောသဘောတူမှု ဝတ္တရားကိုစီမံခန့်ခွဲရန်။

ကျွန်ုပ်တို့က သတင်းအချက်အလက် ဝေမျှပေးသော အစိုးရဌာနများတွင် အောက်ပါတို့ပါဝင်သည်။ ထိုဌာနများကိုသာ သတ်မှတ်ထားခြင်းမဟုတ်ပါ။

- လူမှုဝန်ဆောင်မှုဌာန *Social Security Act 1991* (လူမှုဖူလုံရေးအက်ဥပဒေ၁၉၉၁) *Child Support (Assessment) Act 1989* (ကလေးသူငယ်ထောက်ပံ့မှု (အကဲဖြတ်ချက်) အက်ဥပဒေ ၁၉၈၉) *Child Support (Registration and Collection) Act* (ကလေးသူငယ် ထောက်ပံ့မှု (မှတ်ပုံတင်ခြင်းနှင့် စုဆောင်းခြင်း) အက်ဥပဒေ ၁၉၈၈)ကို အကောင်အထည်ဖော်မည့် လူသားဝန်ဆောင်မှုများဌာန (လူဝန်ဆောင်ဌာန)၊
- လူမှုဝန်ထမ်းဌာန
- ဩစတြေးလျားနိုင်ငံ၏ ဇီဝလုံခြုံမှုစံနစ်နှင့် *Quarantine Act 1908* (သီးခြားခွဲထားမှု အက်ဥပဒေ ၁၉၀၈)၊ *Export Control Act 1982* (ထုတ်ကုန်ထိန်းချုပ်ခြင်းအက်ဥပဒေ ၁၉၈၂) နှင့် *Imported Food Control Act 1992* (အစားအသောက်သွင်းကုန်များ ထိန်းချုပ်ခြင်းအက်ဥပဒေ ၁၉၉၂) ကိုကျင့်သုံးခြင်းတို့ကို စီမံခန့်ခွဲမည့် စိုက်ပျိုးရေးဌာန၊

© COMMONWEALTH OF AUSTRALIA, 2020

- ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲခြင်း
- စက်မှုဖွံ့ဖြိုးရေးနှင့်သိပ္ပံ ဌာန
- National Anti-Doping Scheme (အမျိုးသားအဆင့် မူးယစ်ဆေးတိုက်ဖျက်ရေးစီမံချက်) ကို အကောင်အထည်ဖေါ်မည့် Australian Sports Anti-Doping Authority (ဩစတြေးလျားအားကစားနှင့် မူးယစ်ဆေးတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့)
- ပညာရေးဌာန *Education Services for Overseas Students Act 2000* (ပြည်ပမှ ကျောင်းသားများအတွက်ဝန်ဆောင်မှု အက်ဥပဒေ ၂၀၀၀)
- အလုပ်သမား၊ကျွမ်းကျင်မှု၊ အငယ်တန်းနှင့် မိသား စု စီးပွါးရေး ဌာန အလုပ်သမားဝန်ဆောင်မှု လုပ်ငန်းများဆိုင်ရာသတင်းအချက်အလက်များနှင့်ကိုက်ညှိကြည့်ရန်
- စစ်မှုထမ်းဟောင်းများအခွင့်အရေးဌာန *Veterans' Entitlements Act 1986* (စစ်မှုထမ်းဟောင်းများ အခွင့်အရေးဆိုင်ရာ အက်ဥပဒေ ၁၉၈၆) အရဆောင်ရွက်ရန်
- *Income Tax Assessment Act 1997* (ဝင်ငွေခွန်ကောက်ခံခြင်းအက်ဥပဒေ၁၉၉၇) နှင့် အခြားအခွန်ဥပဒေများအရဆောင်ရွက်မည့် ဩစတြေးလျားအခွန်ရုံး (ATO)
- *Fair Work Act 2009* (မျှတသောအလုပ်အက်ဥပဒေ ၂၀၀၉) ကို အကောင်အထည်ဖေါ်မည့် မျှတသော အလုပ်ခုံသမာဓိရုံး (FWO)
- *Australian Passport Act 2005* (ဩစတြေးလျားနိုင်ငံကူးလက်မှတ်အက်ဥပဒေ) အရဆောင်ရွက်ရန် နှင့် နှစ်နိုင်ငံနိုင်ငံသားဖြစ်ခြင်းကြောင့် မိမိကိုင်ဆောင်ခွင့်ရှိသည့် မည်သည့် နိုင်ငံခြားသားနိုင်ငံကူးလက်မှတ်ကိုမဆို ဗီဇာကိစ္စ ဆောင်ရွက်ရန်အတွက် နိုင်ငံဆိုင်ရာ သတင်းအချက်အလက်များရယူမည့် နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဌာန (DFAT)
- ဩစတြေးလျားရွေးကောက်ပွဲကော်မရှင် *Commonwealth Electoral Act 1918* (ဓနသဟာယရွေးကောက်ပွဲအက်ဥပဒေ ၁၉၁၈) အရ ဆောင်ရွက်ရန်။

## ပြင်ဆင်ချက်၊ စာရင်းစစ်ခြင်းနှင့် လေ့လာစုံစမ်းရေး အဖွဲ့များ

အကယ်၍သင်သည် ဆုံးဖြတ်ချက်တစ်ခုအတွက် အကျိုး အမြတ် သို့မဟုတ် တရားရေးဆိုင်ရာ ပြင်ဆင်ချက်ကို လျှောက်ထားပါက ဌာနသည် ပြင်ဆင်ချက်ကို စဉ်းစား နေသော တရားရုံးကို သက်ဆိုင်သော ကိုယ်ရေးအချက် အလက်များပေးပို့နိုင်သည်။

ကျွန်ုပ်တို့သည် အောက်ပါ စုံစမ်းစစ်ဆေးရေးဌာနများသို့ သတင်းအချက်အလက်များ မျှဝေနိုင်သည်။

- ဓနသဟာယနှင့် ခုံသမာဓိရုံး
- ဩစတြေးလျားပြန်ကြားရေးကော်မရှင်နာရုံး
- ဩစတြေးလျားအမျိုးသားစာရင်းစစ်ရုံး
- ဩစတြေးလျားလူ့အခွင့်အရေးကော်မရှင်ရုံး
- မျှတသောအလုပ်ခွင်ဆိုင်ရာ ခုံသမာဓိရုံး။

## အရေးပေါ် နှင့် ဥပဒေစိုးမိုးရေးဆောင်ရွက်ချက်

သင်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက် ဖြစ်သည့် ဩစတြေးလျားဥပဒေစိုးမိုးမှုဌာနများသို့မဟုတ်အရေးပေါ်ကိစ္စပြင်းထန်သောထိခိုက်ဒဏ်ရာသို့မဟုတ် သေဆုံးခြင်းတို့ဖြစ်ပေါ်ပါကအရေးပေါ်ဝန်ဆောင်မှု လုပ်ငန်းများသို့ ပေးပို့အသိပေးနိုင်သည်။

တားမြစ်ခြင်း၊ စုံစမ်းခြင်း၊ စစ်ဆေးမေးမြန်းခြင်းနှင့် ရာဇဝတ်မှုများအတွက် တရားစွဲဆိုခြင်း သို့မဟုတ် အပြစ်ပေးခြင်းအပါအဝင် ဥပဒေစိုးမိုးရေးဆိုင်ရာ ဆက်စပ်သည့် ကိစ္စရပ်များအတွက် ဩစတြေးလျ (ဓနသဟာယ၊ ပြည်နယ်နှင့် ခရိုင်) နှင့် နိုင်ငံခြားဥပဒေစိုးမိုးရေးအေဂျင်စီများ သို့မဟုတ် ဌာနများကို လိုအပ်ပါက ဌာနသည် သတင်းအချက်အလက်များ ပေးပို့အသိပေးနိုင်သည်။

## ထောက်ပံ့ရေးအစီအစဉ်များ

ဗီဇာလျှောက်ထားမှုအတွက် ကောက်ယူသော အချက်အလက်များကို အောက်ပါဌာနများသို့ အသိပေးနိုင်သည်။

- လူမှုဖူလုံရေးဌာန  နေရာချထားရေးဆိုင်ရာ အကူအညီပေးရန်
- စက်မှုဖွံ့ဖြိုးရေးနှင့်သိပ္ပံ ဌာန အင်္ဂလိပ်စာသင်တန်းပေးရာတွင်ကူညီပေးရန်

## လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်များသို့ အသိပေးခြင်း

ဩစတြေးလျားနိုင်ငံတွင်လိုင်စင်တစ်ခုခု လျှောက်ထားပါကဌာနသည်သက်ဆိုင်သည့်အာဏာပိုင်များကိုသင်၏ရွှေ့ပြောင်းနေထိုင်မှုအခြေအနေနှင့်အလုပ်ဆိုင်ရာအခွင့်အရေး၊ တစ်ချို့အခြေအနေတွင် နိုင်ငံသားအဖြစ် ရရှိထားခြင်းရှိမရှိစသည့်သတင်းအချက်အလက်ပေးပို့ နိုင်သည်။ထိုအချက်အလက်များကိုသင့်အားလိုင်စင်ထုတ်ပေးသင့်မသင့်ဆုံးဖြတ်ရာတွင်အသုံးပြုနိုင်သည်။ အကောက်ခွန်အက်ဥပဒေအရ အချို့သောလိုင်စင်များ လျှောက်ထားရာတွင် သင်၏ သတင်းအချက်အလက်များကို ဖေါ်ထုတ်နိုင်သည်။

## ပုဂ္ဂိုလ်ရေးအချက်အလက်များ အသိပေးနိုင်သည့်လုပ်ပိုင်ခွင့်

"ပုဂ္ဂိုလ်ရေးသတ်မှတ် ဖေါ်ထုတ်ခြင်း" ကို စာမျက်နှာ ၁ တွင် ဖေါ်ပြပြီးဖြစ်သည်။

ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ အခန်း ၄က အရဖြစ်စေ၊ နိုင်ငံသားအက်ဥပဒေ ပုဒ်မ ၄၃ အရဖြစ်စေ ပုဂ္ဂိုလ်ရေး သတ်မှတ် ဖေါ်ထုတ်ချက်များကို အခြေအနေအမျိုးမျိုးတွင် အသိပေးနိုင်သည်။ ဥပမာအားဖြင့်

- နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် ဗီဇာအဆင့်ကို စစ်ဆေးရန်
- ရာဇဝတ်ဥပဒေအရ ဥပဒေစိုးမိုးမှုပြုလုပ်ရန်
- ဩစတြေးလျားအစိုးရဌာနဖြင့် စီစဉ်ပြီး သတင်းအချက်အလက်များ ဖလှယ်ရန်
- သက်ဆိုင်သည့်သတင်းများကို တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးရေးဌာနများသို့ အသိပေးရန်
- ဩစတြေးလျားဥပဒေအရလိုအပ်လျင်။

ဌာနသည် နိုင်ငံသားအက်ဥပဒေအရ ပုဂ္ဂိုလ်ရေးသတ်မှတ် ဖေါ်ထုတ်ချက်များကို နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ခြင်း ဥပဒေ ရည်ရွယ်ချက်ဖြင့် ဖေါ်ထုတ်သတင်းပေး ပိုင်ခွင့်ရှိသည်။

ရွှေ့ပြောင်းနေထိုင်မှု အက်ဥပဒေ အပိုင်း ၄က ကလည်း ဌာနကို ကိုယ်ရေးသတင်းအချက်အလက်များ  (ပုဂ္ဂိုလ်ရေး သတ်မှတ် ဖေါ်ထုတ်ချက်များအပါအဝင်) ကို အောက်ပါအခြေ အနေများ တွင် ဖေါ်ထုတ်ခွင့်ရှိသည်။

- အချက်အလက်များ ကိုက်ညှိခြင်းကို
  - လူတစ်ဦးတစ်ယောက်ကို မည်သူမည်ဝါ ဖြစ်ကြောင်း ဖေါ်ထုတ်ရန် သို့မဟုတ် မည်သူမည်ဝါအဖြစ်မှန်ကန် ကြောင်း သက်သေပြရန်
  - ဩစတြေးလျားသို့ဝင်ရောက်ရာတွင် သို့မဟုတ် ထွက်ခွာရာတွင် လူများကို လုပ်ငန်းစဉ်များကူညီ ဆောင်ရွက်ပေးရန်
  - ရာဇဝတ်မှုနောက်ခံရှိသော၊ စိုးရိမ်ရသည့် အကျင့်စရိုက်ရှိသော သို့မဟုတ် အမျိုးသားလုံခြုံရေးကို စိုးရိမ်ရသော နိုင်ငံသားမဟုတ်သူများကို ဖေါ်ထုတ်ရန်
  - လူဝင်မှုဆိုင်ရာလုပ်ငန်းများတွင် လူပုဂ္ဂိုလ်နှင့် အထောက်အထားဆိုင်ရာ လိမ်လည်မှုများကို ဖေါ်ထုတ်ရန်
  - အကာအကွယ်ပေးမှုဗီဇာ ထုတ်ပေးခြင်းလုပ်ငန်းစဉ်များကို ကူညီရန်
- လူတစ်ဦးတစ်ယောက်ကို မည်သူမည်ဝါ ဖေါ်ထုတ်ရန် သို့မဟုတ် မည်သည့်နေရာတွင် ရှိကြောင်း ရှာဖွေရန် (ရွှေ့ပြောင်းနေထိုင်ခြင်းအက်ဥပဒေ ပုဒ်မ ၃၃၆က နှင့် ၃၃၆၈ ကိုကြည့်ပါ။)
- ဩစတြေးလျားအမျိုးသားစာရင်းစစ်ရုံး နှင့် ဩစတြေးလျားလူ့အခွင့်အရေးကော်မရှင် ကဲ့သို့သော စုံစမ်းစစ်ဆေးရေးဌာနများသို့ အကြံပြုရန်
- ဩစတြေးလျားနိုင်ငံမှ နှင်ထုတ်ရန် သို့မဟုတ် ဩစတြေးလျားမှ လူတစ်ဦးတစ်ယောက်အား ပြန်လည်လွှဲပြောင်းပေးအပ်ရန် နိုင်ငံခြားတိုင်းပြည် အစိုးရများနှင့် အစီအစဉ်ပြုလုပ်ခြင်း
- အချို့နိုင်ငံခြားတိုင်းပြည်များ၊ ဥပဒေစိုးမိုးရေး သို့မဟုတ် နိုင်ငံခြားတိုင်းပြည်များ၏ နယ်ခြား ထိမ်းချုပ်ရေး အဖွဲ့များ သို့မဟုတ် အချို့နိုင်ငံ တကာအဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းနေထိုင်ခြင်း ပြဿနာများကို စီမံခန့်ခွဲရန် သတင်းများကို ဝေငှဖေါ်ပြနိုင်သည်။ (ရွှေ့ပြောင်းနေထိုင်ခြင်း အက်ဥပဒေ ပုဒ်မ ၅က(၃) ကိုကြည့်ပါ။)
- နိုင်ငံတကာရာဇဝတ်မှုကိစ္စရပ်များအတွက် အကူအညီယူရန် သို့မဟုတ် အကူအညီပေးရန်။

ပုဂ္ဂိုလ်ရေးသတ်မှတ် ဖေါ်ထုတ်ချက်များအကြောင်း သတင်းအချက်အလက်များ ပိုရရှိစေရန် ပုံစံ 1243i ကိုကြည့်ပါ။

အလုပ်သမားဗီဇာနှင့် ပတ်သက်၍ ဌာနသည် တာဝန်ခံသူများ သို့မဟုတ် ဗီဇာရရှိထားသူများ၏ အချို့ကိုယ်ရေးအချက် အလက်များကို သက်ဆိုင်ရာဗီဇာ လက်ဝယ်ရှိထားသူများ သို့မဟုတ် တာဝန်ခံများထံ မျှဝေဖေါ်ပြနိုင်သည်။ (ရွှေ့ပြောင်းနေထိုင်ခြင်း အက်ဥပဒေ ပုဒ်မ ၁၄၀ယဈ နှင့် နည်းဥပဒေ ၂.၁၀၃၊ ၂.၁၀၄ နှင့် ၂.၁၀၅ ကိုကြည့်ပါ။)

ပြည်ထဲရေးနှင့် နယ်စပ် အကြောင်းဖေါ်ပြချက် (နယ်စပ်တပ်ဖွဲ့အက်ဥပဒေ အပိုင်း ၄(၁) ) ကန့်သတ်အခြေအနေများတွင် နယ်စပ် လုံခြုံရေး အက်ဥပဒေ အပိုင်း တွင်ဖေါ်ပြထားသည့် (၆) အ ရ ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များကို ဖေါ်ထုတ်ရန် ဌာနတွင် အခွင့်အာဏာရှိသည်။ အချို့အခြေအနေများတွင် နယ်စပ်တပ်ဖွဲ့အက်ဥပဒေက အောက်ပါအဖွဲ့များကို ဖေါ်ထုတ်ရန်အခွင့်ပေးထားသည်။

- ဓနသဟာယ၊ ပြည်နယ်၊ ခရိုင် အေဂျင်စီများ သို့မဟုတ် အာဏာပိုင်များ
- ဩစတြေးလျားဖက်ဒရယ်ရဲတပ်ဖွဲ့ (AFP) သို့မဟုတ် ပြည်နယ် သို့မဟုတ် ခရိုင်တစ်ခု၏ ရဲတပ်ဖွဲ့ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း
- အမှုစစ်အရာရှိ


© COMMONWEALTH OF AUSTRALIA, 2020

- ဓနသဟာယ၊ ပြည်နယ် သို့မဟုတ် ခရိုင် တရားဝင်ရုံးဖွင့်ခွင့်ရသူ (ဥပမာ- ခုံသမာဓိရုံး)
- ဩစတြေးလျား ကြက်ခြေနီအဖွဲ့ကဲ့သို့သော ဩစတြေးလျားနယ်စပ်တပ်ဖွဲ့ (Secrecy and Disclosure) (လုံခြုံမှုနှင့် ဖွင့်ထုတ်ဖေါ်ပြမှု) နည်းဥပဒေ ၂၀၁၅ တွင်ဖေါ်ပြထားသည့် အဖွဲ့ သို့မဟုတ် လူပုဂ္ဂိုလ်
- နိုင်ငံခြားတိုင်းပြည် သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများ။

သို့သော်လည်း အကယ်၍ နယ်စပ်တပ်ဖွဲ့အက်ဥပဒေ တွင် စာရင်းပြုထားသည့် "ခွင့်ပြုထားသောရည်ရွယ်ချက်များ" အနက်မှ တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည်ဆိုပါက နယ်စပ်တပ်ဖွဲ့အက်ဥပဒေ အပိုင်း ၆ တွင် ဖေါ်ပြထားသော အခြားလိုအပ်ချက်များ အပါအဝင် နယ်စပ်တပ်ဖွဲ့အက်ဥပဒေအရ ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များထုတ်ဖေါ်ခြင်း ကို အထက်ဖေါ်ပြပါအဖွဲ့တစ်ခုခုကိုသာ လုပ်ပိုင်ခွင့်ပေးထားသည်။ ဥပမာအားဖြင့် အောက်ပါရည်ရွယ်ချက် တစ်ခုခုကြောင့် ထုတ်ဖေါ်ခြင်းဖြစ်ရမည်။

- ရာဇဝတ်ဥပဒေ သို့မဟုတ် စီးပွားကူးသန်းမှု ဆိုင်ရာဥပဒေတစ်ခုကို ကျင့်သုံးခြင်းသို့မဟုတ် စိုးမိုးရန်ဆောင်ရွက်ခြင်း
- မှုခင်းစုံစမ်းမှု၊ စစ်ဆေးမေးမြန်းမှု သို့မဟုတ် လိုက်လံရှာဖွေမှုကို ကူညီခြင်း
- အများပြည်သူကျန်းမာရေး သို့မဟုတ် လူတစ်ဦး သို့မဟုတ် လူအများ၏ဘဝ သို့မဟုတ် လုံခြုံမှုကို ကာကွယ်ခြင်း
- *Census and Statistics Act 1905* (သန်ခေါင်စာရင်းနှင့် စာရင်းဇယား အချက်အလက်များ အက်ဥပဒေ ၁၉၀၅) သို့မဟုတ် *Australian Bureau of Statistics Act 1975* (ဩစတြေးလျားစာရင်းဇယား အချက်အလက်ပြုရုံ အက်ဥပဒေ ၁၉၇၅) အရ စာရင်းဇယားများ ကောက်ခံခြင်းနှင့် စစ်ဆေးအတည်ပြုခြင်း
- ပြည်သူ့အခွန်ဘဏ္ဍာကို ကာကွယ်ခြင်း
- လူတစ်ဦးတစ်ယောက်အား ဖေါ်ထုတ်သတ်မှတ်ခြင်း သို့မဟုတ် ၎င်းတို့၏ နိုင်ငံသား သို့မဟုတ် ဗီဇာအဆင့်အတန်းကို စစ်ဆေးအတည်ပြုခြင်း
- ဩစတြေးလျားနိုင်ငံသားမဟုတ်သူများကို ဝန်ဆောင်မှုများပေးခြင်း
- အမျိုးသားအဆင့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံချက်ကို အကောင်အထည်ဖေါ်ခြင်း
- လူဝင်မှုကြီးကြပ်ခြင်း၊ သီးခြားခွဲထားခြင်း သို့မဟုတ် ဩစတြေးလျားနှင့် နိုင်ငံခြားတိုင်းပြည်တစ်ခုအကြား နယ်စပ်ထိန်းချုပ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်တစ်ခုခု
- Customs Act, Migration Act, Maritime Powers Act, Citizenship Act, IGOC Act (အကောက်ခွန် အက်ဥပဒေ၊ ရွှေ့ပြောင်းနေထိုင်မှုအက်ဥပဒေ၊ ရေကြောင်း အင်အားအက်ဥပဒေ၊ နိုင်ငံသားဖြစ်မှု အက်ဥပဒေ၊ IGOC အက်ဥပဒေ စသဖြင့်) စသည့်ဥပဒေများအပါအဝင် ဥပဒေများစွာနှင့် အကျုံးဝင်သော ကိစ္စရပ်များ
- ကာကွယ်ရေး သို့မဟုတ် အမျိုးသားလုံခြုံရေးနှင့် ဆက်စပ်သော ရည်ရွယ်ချက်တစ်ခုခု။

အကယ်၍ လူတစ်ဦးက ဖေါ်ထုတ်ရန် သဘောတူလျှင်၊ တစ်ဦးတစ်ယောက်၏ အသက် သို့မဟုတ် ကျန်းမာရေးအား အပြင်းအထန်ခြိမ်းခြောက်နေမှုအား တားဆီးရေး သို့မဟုတ် လျော့ပါးသွားစေရေးအတွက် ထိုသို့ ဖေါ်ထုတ်ရန် လိုအပ်လျှင် သို့မဟုတ် ဥပဒေနှင့်အညီ သတင်းအချက်အလက်ကို အများပြည်သူသိရှိရန် ထုတ်ပြန်ပြီးဖြစ်လျှင် ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်များကို ဖေါ်ထုတ်ရန် ဌာနတွင် အခွင့်အာဏာရှိသည်။

ပုဂ္ဂိုလ်ရေးအချက်အလက်လုံခြုံမှု အက်ဥပဒေ၏ ရည်ရွယ်ချက်အရ နယ်စပ်တပ်ဖွဲ့အက်ဥပဒေ၏ ပုဒ်မ ၅၁ တွင် အက်ဥပဒေ၏ အပိုင်း ၆ တွင်ပါဝင်သော ပြဋ္ဌာန်းချက်အချို့နှင့်အညီ ထုတ်ဖေါ်ခြင်းမျိုးကို ထိုအက်ဥပဒေနှင့်ညီညွတ်သော ထုတ်ဖေါ်မှုအဖြစ် သတ်မှတ်သည်။

ထို့အပြင် ဌာန၏ယုံကြည်စိတ်ချရသောသူ၏ အလုပ် သို့မဟုတ် ဝန်ဆောင်မှုအရဖြစ်ပါက သတင်းအချက်အလက်များ ထုတ်ဖေါ်ခြင်းကို လူဝင်မှုနှင့် နယ်စပ်တပ်ဖွဲ့အက်ဥပဒေအရ ခွင့်ပြုထားသည်။ ဌာနသည် အဆိုပါဖေါ်ထုတ်မှုများကို ပုဂ္ဂိုလ်ရေးအချက်အလက်လုံခြုံမှု အက်ဥပဒေနှင့် ညီညွတ်စေရမည်။

အကောက်ခွန်အက်ဥပဒေနှင့် နည်းဥပဒေများ အစရှိသော အကောက်ခွန်နှင့် ဆက်စပ်သည့် ဥပဒေများတွင် ဖေါ်ပြထားသည့် ကန့်သတ်အခြေအနေများတွင် အကာအကွယ်ပေးထားသော သတင်းအချက်အလက်များဖြစ်သည့် ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်များကို ဖေါ်ထုတ်ရန် ဌာနကို လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည်။

## လှုပ်ရှားမှုမှတ်တမ်းများအား ဖေါ်ထုတ်အသိပေးခြင်း

ဩစတြေးလျားမှ/သို့ ဆိုက်ရောက်/ထွက်ခွါ လာသော ခရီးသွားများ၏ မှတ်တမ်းကို လှုပ်ရှားမှုမှတ်တမ်းများ အချက် အလက်မှတ်တမ်းတွင် ထိန်းသိမ်းထားသည်။ ထိုအချက်အလက်များကို အောက်ပါရည်ရွယ်ချက်များကြောင့် ဖေါ်ထုတ်နိုင်သည်။

- ရွှေ့ပြောင်းနေထိုင်ခြင်း အက်ဥပဒေ
- မိသားစုအက်ဥပဒေ ၁၉၇၅ *Family Law Act 1975*
- အကောက်ခွန် သို့မဟုတ် အခွန်ဥပဒေ
- သီးခြားခွဲထားခြင်း သို့မဟုတ် ကျန်းမာရေး ဥပဒေများ
- ဥပဒေစိုးမိုးရေးလုပ်ငန်းများ
- နိုင်ငံခြားကျောင်းသားများ ပညာရေးဝန်ဆောင်မှု အက်ဥပဒေ ၂၀၀၀ *Education Services for Overseas Students Act 2000*
- ပြဋ္ဌာန်းထားသော ဓနသဟာယ၊ ပြည်နယ် သို့မဟုတ် ဒေသန္တရ ဥပဒေများ၊ ဥပမာ- ပထမ အိမ်ပိုင်ရှင် စီမံခန့်ခွဲမှုအစီအစဉ်များ သို့မဟုတ် ကလေးများ နှင့်/သို့မဟုတ် သက်သာချောင်ချိရေး အစီအစဉ်များ။

## ဥပဒေစိုးမိုးရေးနှင့်အခြားအလားတူ ရည်ရွယ်ချက်များအတွက် ထုတ်ဖေါ်ခြင်း

(ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် နိုင်ငံသားအက်ဥပဒေများစိုးမိုးရေး လှုပ်ရှားမှုများအတွက်နှင့် အခြားဥပဒေစိုးမိုးရေးဌာနများ၏ လှုပ်ရှားမှုများအတွက် အပါအဝင်) ဥပဒေစိုးမိုးရေးနှင့် အခြားအလားတူ ရည်ရွယ်ချက်များအတွက် ဌာန၏ ပုံမှန် ဖေါ်ထုတ်ပေးပို့မှုများတွင် အောက်ပါတို့ပါဝင်သည်။

- ဩစတြေးလျားနှင့် နိုင်ငံခြားတိုင်းပြည်များ၏ ဥပဒေစိုးမိုးမှုဌာနများ။ လိုအပ်သောကိုယ်ကျင့်တရားကို အကဲဖြတ်ရန်နှင့် စောင့်ထိန်းလာစေရန်
- ဩစတြေးလျားနှင့် နိုင်ငံခြားတိုင်းပြည်များ၏ ဥပဒေစိုးမိုးမှုဌာနများ၊ ထောက်လှမ်းရေးဌာနများ သို့မဟုတ်ကော်မရှင်များ၊ အမျိုးသားရဲဌာန ဝန်ဆောင်မှုလုပ်ငန်း၊ နိုင်ငံတကာရဲတပ်ဖွဲ့၊ အမျိုးသားနယ်စပ် ပစ်မှတ်ဗဟို၊ CrimTrac၊ AusTRAC နည်းဥပဒေ ကော်မရှင်များ၊ လွှတ်တော်စုံစမ်းစစ်ဆေးရေးကော်မရှင်များ၊ နိုင်ငံတကာခုံရုံးနှင့် နိုင်ငံခြား လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ။ လူဝင်မှုဆိုင်ရာလိမ်လည်မှု၊အမျိုးသားလုံခြုံရေးကိစ္စရပ်များ၊သို့မဟုတ်စစ်ရာဇဝတ်မှုများသို့မဟုတ် လူသားမျိုးနွယ်ကိုဆန့်ကျင်သည့်ရာဇဝတ်မှုများတွင်ပါဝင်ပတ်သက် သည်ဟုသံသယရှိမှုများကိုဖေါ်ထုတ်ရန်နှင့်စုံစမ်းစစ်ဆေးရန်
- *Law Enforcement Integrity Commissioner Act 2006* (ဥပဒေစိုးမိုးရေးဂုဏ်သိက္ခာဆိုင်ရာ ကော်မရှင်နာအက်ဥပဒေ ၂၀၀၆)အား အကောင်အထည်ဖေါ်မည့် ဥပဒေစိုးမိုးရေးဂုဏ်သိက္ခာဆိုင်ရာ ဩစတြေးလျားကော်မရှင်ရုံး
- ATO ၊ စင်တာလင့်နှင့် DHS နှင့် တစ်ခြားဓနသဟာယ သို့မဟုတ် နိုင်ငံတော်နှင့် နယ်မြေပိုင်နက် ဌာနများ။ ဗီဇာသဘောတူညီချက်နှင့်ပတ်သက်သည့်၎င်းတို့၏လုပ်ငန်းကိုချိုးဖောက်သော အလုပ်သမားများကိုရှာဖွေဖေါ်ထုတ်ရန်
- AFP ၊နှင့် ဩစတြေးလျားရဲတပ်ဖွဲ့များ။ တရားမဝင်သော နိုင်ငံသားမဟုတ်သူများကိုရှာဖွေဖေါ်ထုတ်ရန်
- ဥပဒေအရာရှိရုံး ညွှန်ကြားရေးမှူး။ရွှေ့ပြောင်းနေထိုင်မှု သို့မဟုတ် နိုင်ငံသားဖြစ်မှု ဆိုင်ရာ အမှုအခင်းများအတွက် တရားစွဲဆိုရန်
- နိုင်ငံခြားအစိုးရများ။တရားမဝင်သော နိုင်ငံသားမဟုတ်သူများကို ဖယ်ရှားရန်
- FWO၊ မှတ်ပုံတင်ထားသော ပညာရေးအဖွဲ့များ၊လုပ်ငန်းရှင်များ၊တာဝန်ခံမှုရရှိထားသော သူများ၊တာဝန်ခံများနှင့်အလုပ်သမားတင်သွင်းသူများ။ ဗီဇာသဘောတူညီချက်နှင့်ကိုက်ညီခြင်းနှင့်တာဝန်ခံမှုဝတ္တရားများကိုစောင့်ကြည့်လေ့လာရန် နှင့်ပြစ်ဒဏ်ချမှတ်ခြင်းကို အသိပေးရန်
- ဒုက္ခသည်များနှင့် လူသားချင်းစာနာမှု အစီအစဉ်များအရ ဗီဇာလျှောက်ထားသူများနှင့် အဆိုပြုသူများ၏ ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်များနှင့် ပတ်သက်၍ ဥပဒေစိုးမိုးမှု သို့မဟုတ် အမျိုးသားလုံခြုံရေး ကိစ္စရပ်များကို ဖေါ်ထုတ်မည့် AFP အပါအဝင် ဥပဒေစိုးမိုးမှု အေဂျင်စီများ

## ဥပဒေစိုးမိုးရေးအေဂျင်စီအနေဖြင့် ဌာန၏ ဖေါ်ထုတ်မှုများ

ဌာနသည် အချို့ရည်ရွယ်ချက်များအရ အောက်ပါအက်ဥပဒေများအတွက် ဥပဒေစိုးမိုးရေးအေဂျင်စီအဖြစ် ဆောင်ရွက်ရသည်။ *Crimes Act 1914,* the *Criminal Code Act 1995,* the *Australian Nuclear Science and Technology Organisation Act 1987* (the ANSTO Act) and the *Independent National Security Legislation Monitor Act 2010* (ရာဇဝတ်မှုများအက်ဥပဒေ ၁၉၁၄၊ ရာဇဝင်မှုဆိုင်ရာကိုဒအက်ဥပဒေ ၁၉၉၅၊ ဩစတြေးလျားအနုမြူသိပ္ပံနှင့်နည်းပညာ အဖွဲ့အစည်းများအက်ဥပဒေ ၁၉၈၇ (အနုမြူနှင့်နည်းပညာအက်ဥပဒေ) နှင့် လွတ်လပ်သောအမျိုးသားလုံခြုံရေး ဥပဒေများ စောင့်ကြည့်လေ့လာရေးအက်ဥပဒေ ၂၀၁၀)။ ဌာနသည် ၎င်း၏ လုပ်ငန်းများနှင့် တာဝန်များကို အဆိုပါအက်ဥပဒေများအရ ဆောင်ရွက်ရန်အလို့ငှာ ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များကို ဖေါ်ထုတ်နိုင်ပါသည်။

## အစီအစဉ်စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော အခြား သတင်းမျှဝေ ဖေါ်ထုတ်မှုများ

### အထောက်အပံ့ပေးရန် အာမခံမှု

အထောက်အပံ့ပေးရန် အာမခံထားသောသူများနှင့် စပ်လျင်းသည့် သတင်းအချက်အလက်များကို စင်တာလင့် Centrelinkသို့ ငွေကြေးစာချုပ် သို့မဟုတ် ပုဂ္ဂိုလ်ရေး ဖေါ်ထုတ်ချက် နှင့် တင်ရှိနေသော အကြွေးများပြန်လည်ရယူ နိုင်ရန် မျှဝေပေးသည်။

### အလုပ်အကိုင်၊ အလုပ်သမားတင်သွင်းခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု

သင်၏လူဝင်မှုအခြေအနေ၊ အလုပ်အကိုင် အမျိုးအစား၊ သင်၏ဗီဇာအမျိုးအစားနှင့် သက်တမ်းကာလကို အလုပ်ရှင်၊ အလုပ်သမားတင်သွင်းသူများနှင့် အလုပ်သမားတင်သွင်းမှု အစီအမံဖြင့် သင်၏ဝန်ဆောင်မှု ကိုရယူသော တတိယလူများအား ဌာနသည် သတင်းအချက်အလက် မျှဝေပေးနိုင်သည်။

ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အစိုးရစီးပွားရေး ဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် အကူအညီပေးရန် ဌာနသည် လုပ်ငန်းကျွမ်းကျင်မှုအကူ အညီများပေး လျက်ရှိသောပြည်နယ်နှင့် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုဌာနများကို သတင်းအချက်အလက်များ မျှဝေပေးနိုင်သည်။

### သင်တန်းနှင့် ပညာရေး

ကိုယ်ရေးသတင်းအချက်အလက်များကို အောက်ပါတို့ကို မျှဝေဖေါ်ထုတ်နိုင်သည်။

- DFAT စက်မှုဌာနနှင့် ပညာရေးဌာန။ဩစတြေးလျားတွင် သင်တန်းတက်လိုသူများနှင့်၊ ပညာသင်လိုသူများကို အကူအညီပေးရန်
- အလုပ်သမားဌာနကဩစတြေးလျားအလုပ်သမားဈေးကွက်ရှိ အဆိုပြုထားသောအလုပ်ခွင်ကဏ္ဍ တွင် အာဏာပိုင် ကိုယ်စားလှယ်များက သက်ရောက်မှုကို တိုင်းတာရန်
- ပညာရေးဌာန နှင့် ဗီဇာအဆင့်အတန်းသတ်မှတ်ရန် ပြည်ပမှ အရည်အချင်းများကို အကဲဖြတ်သည့် အာဏာပိုင် များက သက်ရောက်မှုကို တိုင်းတာရန်
- သက်ကြီးရွှေ့ပြောင်းနေထိုင်သူများ အင်္ဂလိပ်စာ သင်ကြားရေးအစီအစဉ်အရ အင်္ဂလိပ်စာ သင်ကြားပေးနေသည့်  ပညာရေးလုပ်ငန်းဌာနများ။
- ပညာရေးဝန်ဆောင်မှုပေးသူများအား စည်းမျဉ်းသတ်မှတ်ရန် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းထားသော အစိုးရအဖွဲ့အစည်းများ။

### ကျန်းမာရေး

ဗီဇာထုတ်ပေးရန်လိုအပ်ချက်များ ကိုက်ညီခြင်းရှိမရှိ ဆုံးဖြတ်နိုင်ရန်၊ ကျန်းမာရေးလိုအပ်ချက်ကို လျှော့ပေါ့ပေးရန် လိုမလို သို့မဟုတ် ပြည်သူ့ကျန်းမာရေးအန္တရာယ်အတွက် စီမံခန့်ခွဲမှုများဆောင်ရွက်ရန် သင်နှင့်သင့်မိသားစု၏ ကျန်းမာရေးအကဲဖြတ်ချက်ကို သင်၏ဗီဇာလျှောက်လွှာတွင် ဖေါ်ပြထားသည့်အတိုင်း အစိုးရ ကျန်းမာရေးဌာနများနှင့် ဆေးဝါးထောက်ပံ့သူများကို ဝေမျှပေးနိုင်သည်။

### ဒုက္ခသည်များနှင့် လူသားချင်းစာနာသော ပြည်ဝင်ခွင့်၊ နှင့် ကမ်းခြေကာကွယ်ခြင်း

ဌာနသည် ဒုက္ခသည်များနှင့် လူသားချင်းစာနာမှုအရ ပြည်ဝင်ခွင့်ရသူများနှင့် ၎င်းတို့အတွက်အရေးဆိုသူများ၏ (အသုံးဝင်မည်ဆိုပါက) ကိုယ်ရေးအချက်အလက်များကို လူသားချင်းစာနာမှုဖြင့် အခြေချနေထိုင်ခြင်းဝန်ဆောင်မှုလုပ် ငန်းမှတစ်ဆင့် ကန်ထရိုက်ရထားသော ဝန်ဆောင်မှု လုပ်ငန်းရှင်များသို့ မျှဝေပေးပို့နိုင်သည်။

ကာကွယ်မှုအတွက် သို့မဟုတ် လူသားချင်းစာနာမှု ဗီဇာအတွက် ခိုလှုံခွင့်တောင်းသူများနှင့် လျှောက်ထားသူများ ၏ ကိုယ်ရေးသတင်းအချက်အလက် များကို ဌာနသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသို့ ကိုယ်ရေးအချက်အလက်များ၊ လူသားချင်းစာနာမှု သို့မဟုတ် အကာအကွယ်လိုအပ်မှု အခြေအနေများကို စီစစ်ရန်ပေးပို့ နိုင်သည်။

ဌာနသည် ကိုယ်ရေးအချက်အလက်များကို နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ပေးပို့နိုင်သည်။

### ထိန်းသိမ်းခြင်း

ဌာနသည် လူဝင်မှုကြီးကြပ်ရေးစခန်းများတွင် ထိန်းသိမ်းခံ နေရသူများ၏ ကိုယ်ရေးအချက်အလက်များကို အောက်ပါ အဖွဲ့များသို့ ပေးပို့နိုင်သည်။ ပြည်နယ်နှင့် ဒေသ ဆိုင်ရာလူမှုဖူလုံရေးဌာနများ။

- ထိန်းသိမ်းရေးစခန်းအပြင်အခြား ထိန်းသိမ်းထား နိုင်မည့် အစီအမံများ၊ အဖေါ်မပါရှိသော ကလေး သူငယ်များကို စောင့်ရှောက်ခြင်း သို့မဟုတ် ကိုယ်ကာယ နှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသော အထိန်းသိမ်းခံများအား အုပ်ထိန်းပေးခြင်းတို့ ဆောင်ရွက်ပေးရန်။
- ပြည်နယ်နှင့် ဒေသဆိုင်ရာပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းများ။ရွှေ့ပြောင်းမှု များကို အကူအညီပေးရန်နှင့် လူဝင်မှုအဆင့်အား အတည်ပြုပေးရန်။
- ရွှေ့ပြောင်းမှုများကို အထောက်အကူ ဖြစ်စေသည့် ကမ်းလွန်လုပ်ငန်းစဉ်များဆိုင်ရာ ဂန်ဆောင်မှုပေးသူများ
- ကျောင်းများ၊ ဆေးပညာရှင်များနှင့် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ဆောင်မှုပေး သူများ၊ သို့မဟုတ် သင့်ကို ဝန်ဆောင်မှုပေးနေသော သို့မဟုတ် သင့်ကို သို့မဟုတ် သင့်မိသားစုကို ထွက်ခွာသွားရန် ကူညီနိုင်မည့် နည်းလမ်းများကို ဖေါ်ထုတ်ပေးသည့် ရွှေ့ပြောင်းနေထိုင်မှုအကြံပေးများ။

### လူမှုဖူလုံရေးနှင့် ကလေးများအားကာကွယ်ပေးခြင်း

ကလေးများ၊ နှင့်/သို့မဟုတ်မိဘများ/အုပ်ထိန်းသူများ/ ပြုစုစောင့်ရှောက်သူများ၏ကိုယ်ရေး သတင်းအချက်အလက်ကိုကလေးသူငယ်လူမှုဖူလုံရေးနှင့်အကာအကွယ်ပေးရေးဌာနများ၊ ပြည်နယ်/ခရိုင် ကလေးသူငယ်လူမှုဖူလုံရေးအေဂျင်စီများ၊ ပြည်နယ်/ခရိုင် ရဲတပ်ဖွဲ့ သို့မဟုတ် အခြားသက်ဆိုင်သော ဩစတြေးလျားအစိုးရ အေဂျင်စီများသို့ အောက်ပါတို့ ဆောင်ရွက်ပေးနိုင်ရန်အတွက်မျှဝေပေးနိုင်သည်။

- လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများ နှင့်/သို့ မဟုတ် ရပ်ရွာတွင် ပြုစုစောင့်ရှောက်မှုများ နှင့် လူမှုဖူလုံမှုအစီအမံများကို ဆောင်ရွက်ပြီး စောင့်ကြည့်လေ့လာရန်
- ဖြစ်နိုင်သောအလွဲသုံးစားမှုများ သို့မဟုတ် လစ်လျူရှုမှုများကို စုံစမ်းစစ်ဆေးရန်
- ခရီးသွားစီမံချက်များနှင့် အထောက်အထား စာရွက်စာတမ်းများကို ကူညီဆောင်ရွက်ပေးရန်။

ဩစတြေးလျားနိုင်ငံသို့ မွေးစားရန်ဝင်ရောက်လာသော ကလေးများနှင့်ပတ်သက်သောသ တင်းအချက် အလက်များကိုပြည်နယ်နှင့်ဒေသဆိုင်ရာလူမှုဖူလုံရေး ဌာနများ၊ ဩစတြေးလျားကလေးမွေးစားခြင်း ဗဟိုအာဏာပိုင်အဖွဲ့နှင့် ဩစတြေးလျားဆိုင်ရာ နိုင်ငံရပ်ခြားကလေးမွေးစားခြင်းအဖွဲ့ သို့ ပေးပို့ဝေမျှနိုင်သည်။

### သံရုံးများ၊ အဆင့်မြင့်ကော်မရှင်နှင့် ကောင်စစ်ဝန်ရုံးများသို့ ခရီးသွားအထောက်အထားရရှိရန် ပေးပို့ရမည့် သတင်း အချက်အလက်များ

ပြန်လည်ထွက်ခွာရမည့်နေရာတွင် ဗီဇာထုတ်ပေးလိုက်လျင် သို့မဟုတ် ဩစတြေးလျားတွင် ဆက်လက်နေထိုင်ရန် တရားဝင်အကြောင်းမရှိတော့လျင် သင်သည် ဩစဩေးလျား နိုင်ငံမှ ထွက်ခွာရတော့မည်ဖြစ်သည်။ လုံလောက်သော ကာလအတိုင်းအတာ တစ်ခုအတွင်း ခိုင်လုံသော ခရီးသွားအထောက်အထား ကိုင်ဆောင်ထားခြင်းမရှိပါက သင်၏ကိုယ်စား ဌာနက အထောက်အထားတစ်ခုကို လျှောက်ထားပေးရသည်။ ထိုမှသာ သင်ပြန်လည်ထွက်ခွာ နိုင်ရန် စီစဉ်နိုင်မည်ဖြစ်သည်။

ဌာနသည် သက်ဆိုင်ရာသံရုံး၊ အဆင့်မြင့် ကော်မရှင် သို့မဟုတ် ကောင်စစ်ဝန်ရုံးက လိုအပ်သည့် အနိမ့်ဆုံး သတင်းအချက်အလက်ကို ခရီးသွားအထောက်အထား ထုတ်ပေးနိုင်ရန် ပေးအပ်ရမည်ဖြစ်သည်။ ထိုအချက် အလက်တွင် သင်၏နာမည်၊ လက်ရှိနိုင်ငံကူးလက်မှတ်ပါ အချက်အလက် အသေးစိတ် သို့မဟုတ် အခြားကိုယ်ရေး အထောက်အထားနှင့် ဆက်သွယ်ရန်လိပ်စာ တို့ဖြစ်သည်။

### နိုင်ငံသားဖြစ်ခြင်း

ဌာနသည် ပုဂ္ဂိုလ်ရေးဖေါ်ထုတ်ချက်များအပြင် ကိုယ်ရေး အချက်အလက်များကို အောက်ပါ အဖွဲ့များသို့ပေးပို့နိုင်သည်။

- ဒေသဆိုင်ရာအစိုးရကောင်စီများနှင့် အခြားအဖွဲ့အစည်းများကို နိုင်ငံသားဖြစ်ခြင်းဆိုင်ရာ အခမ်းအနားပြုလုပ်နိုင်ရန်။
- ဘုရင်ခံချုပ်၏ တရားဝင် အတွင်းရေးမှူး ရုံးနှင့် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများရုံးသို့ ဩစတြေးလျားဂုဏ်ထူးဆောင်ဘွဲ့များ စဉ်းစားနိုင်ရန်။
- လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာ အစိုးရကောင်စီဝင်များကို ဩစတြေးလျားရပ်ရွာသို့ နိုင်ငံသားအသစ်များကို ကြိုဆိုနိုင်ရန်။



© COMMONWEALTH OF AUSTRALIA, 2020

## ရွှေ့ပြောင်းနေထိုင်ခြင်း သုတေသန

ကိုယ်ရေးအချက်အလက်များကို ယခုလက်ရှိနှင့် ယခင် ရွှေ့ပြောင်းနေထိုင်သူများအား လေ့လာမှုများအတွက် အသုံးပြုနိုင်ပါသည်။ ကိုယ်ရေးအချက်အလက်များကို အခြားဌာနများနှင့် ကန်ထရိုက်ပေးထားသော အခြားတတိယအဖွဲ့များကို သုတေသနလုပ်ရန်၊စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်နှင့်မူဝါဒ နှင့်/သို့မဟုတ်အစီအစဉ်ရေးဆွဲရေးအတွက် ခွဲခြမ်းစိပ်ဖြာလေ့လာရန်ပေးပို့နိုင်သည်။ သဘောတူညီချက်များအရ ဖေါ်ပြထားသော သုတေသနပြုလုပ်ရန်အတွက်သာကန့်သတ်ထားသည်။သုတေသနပြီးလျှင်အချက်အလက်များကိုဖျက်ဆီးရမည်ဖြစ်သည်။ကောက်ယူထားပြီးသုတေသနတွင်အသုံးပြုထားသောအချက်အလက်များကိုထုတ်ပြန်ကြေညာခြင်းမပြုမီမည်သူမည်ဝါဟူ၍မသိနိုင်အောင်ပြုလုပ်ထားရမည်။

ကိုယ်ရေးအချက်အလက်များကို ဩစတြေးလျား စာရင်း ဇယားဌာနသို့ပေးပို့နိုင်သည်။ အသစ်ရောက်ရှိလာသူများ၏ တည်နေရာများကို သုတေသနလုပ်နိုင်ပြီး ရွှေ့ပြောင်းနေထိုင်မှု အစီအစဉ်အမျိုးမျိုးနှင့် အခြေချနေထိုင်မှုရလာဒ် များကို လေ့လာသုံးသပ်နိုင်ရန်ဖြစ်သည်။

ပြည်နယ်နှင့် ဒေသဆိုင်ရာဌာနများ သို့မဟုတ် ရွှေ့ပြောင်း နေထိုင်မှုဝန်ဆောင်အဖွဲ့များသို့ အခြေချနေထိုင်မှုအစီအစဉ် သို့မဟုတ် အခြေချနေထိုင်မှုဝန်ဆောင်မှုများ ပေးအပ်ရန် မကြာသေးမီက ရောက်ရှိလာသူများနှင့်ပတ်သက်သည့် အချက်အလက်များကို ပေးအပ်ဝေမျှနိုင်သည်။

## အဓိကနိုင်ငံတကာဖြစ်ရပ်များ

ကိုယ်ရေးအချက်အလက်များကို နိုင်ငံတကာ အဓိကဖြစ်ရပ် များတွင် ညှိနှိုင်းဆောင်ရွက်ပေးနေသော ပြည်နယ်နှင့် ဒေသဆိုင်ရာ ဌာနများအပါအဝင် ဩစတြေးလျားအစိုးရ ဌာနများသို့ ပေးပို့နိုင်သည်။ ဥပမာ-အဓိကအားကစား ပြိုင်ပွဲများနှင့် ကစားပွဲများ၊ နိုင်ငံတကာခေါင်းဆောင်များ၏ အစည်းအဝေးများ၊ လူမှု၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးဆိုင်ရာ ကမ္ဘာ့စုဝေးမှုများ သို့မဟုတ် ပွဲတော်များ ဖြစ်သည်။

ဌာနသည် ထိခိုက်လွယ်ခြင်းမရှိသော သတင်းအချက်အလက် များကို ဩစတြေးလျားနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ နှင့်အခြားတိုင်းပြည်များသို့ သင့်အတွက်စီမံခန့်ခွဲရန် ပေးပို့ဝေမျှနိုင်သည်။

## ဌာန၏ကိုယ်ရေးအချက်အလက်လုံခြုံမှုမူဝါဒနှင့် ပတ်သက်သော သတင်းအချက်အလက်

ဌာန၏ကိုယ်ရေးအချက်အလက်လုံခြုံမှုမူဝါဒနှင့် ပတ်သက် သော သတင်းအချက်အလက်ကို ဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သော **https://www.homeaffairs.gov.au/access-and-accountability/our-commitments/privacy** တွင် ရရှိနိုင်ပါသည်။

မူဝါဒများတွင်အောက်ပါသတင်းအချက်အလက်များပါရှိသည်။

- ဌာနကသိမ်းဆည်းထားသော ကိုယ်ပိုင် ကိုယ်ရေး အချက်အလက်များကို မည်သို့ရှာဖွေရရှိနိုင်မည်၊ မည်သို့ပြင်ဆင်နိုင်မည်။
- ကိုယ်ရေးအချက်အလက်လုံခြုံမှုကို ချိုးဖောက်ပါက မည်သို့တိုင်ကြားရမည်နှင့်ဌာန၏ တိုင်ကြားချက်များ အပေါ် ကိုင်တွယ်သည့် လုပ်ငန်းစဉ်။

## သင်၏သတင်းအချက်အလက်များကို နိုင်ငံခြားသို့ ဖေါ်ထုတ်ဝေမျှခြင်း

ဌာနသည် နိုင်ငံခြားရှိ ကန်ထရိုက်ယူဆောင်ရွက်သူအပါ အဝင် ပြင်ပသတင်းနည်းပညာ ကန်ထရိုက်သမားကို အသုံး ပြု၍ အချက်အလက်များကို ပေးပို့၊ ထိန်းသိမ်းထားသည်။

တစ်ချို့အခြေအနေများတွင်ကျွန်ုပ်တို့သည်ပြင်ပရှိသူများကိုလည်းသတင်းအချက်အလက်များပေးပို့သည်။ ထိုနိုင်ငံများသည်သင်မူလနေထိုင်ရာတိုင်းပြည်သို့မဟုတ်သင်ထွက်ခွာလာရာတိုင်းပြည်များဖြစ်သည်။ (အကယ်၍သင်သည် ထိုတိုင်းပြည်များမှ အကာအကွယ်ရယူရန် ကြိုးစားနေခြင်းမဟုတ်လျှင် သို့မဟုတ် ထိုသို့ ကာကွယ်မှုရယူရန် ကြိုးစားနေခြင်း အတွက် နောက်ဆုံးအဖြေကို စောင့်ဆိုင်းနေခြင်း မဟုတ်လျှင်) ၎င်းတို့တွင် လေကြောင်းလိုင်း သို့မဟုတ် ခရီးသွားကိုယ်စားလှယ်များကို ကြိုတင်ခရီးသွား လုပ်ငန်းစဉ်များနှင့် အင်တာနက်မှ ဗီဇာလျှောက်ထားခြင်း လုပ်ငန်းများပါဝင်သည်။

ဌာနသည် ဩစတြေးလျားနိုင်ငံနှင့် သတင်းအချက်အလက် မျှဝေမှုသဘောတူညီချက်ရယူထားသည့်နိုင်ငံများ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း သတင်းများ အပြန်အလှန်မျှဝေပေးသည်။ ဌာနသည် အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့် နယူးဇီလန်အပါအဝင် သို့သော် ထိုနိုင်ငံများသာမက ဩစတြေးလျားနိုင်ငံနှင့် သတင်းအချက်အလက် မျှဝေမှုသဘောတူညီချက်ရယူထားသည့်နိုင်ငံများသို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း သတင်းများအပြန်အလှန်မျှဝေပေးသည်။

တွင် ရရှိနိုင်ပါသည်။ သင်၏ပုဂ္ဂလိကရေးဖေါ်ထုတ်ချက်များနှင့် ကိုက်ညီမှုရှိပါက ဌာနသည် ကိုယ်ရေးရာဇဝင်အချက်အလက်များ၊ ခရီးသွား ခြင်းနှင့် အခြားကိုယ်ရေးအချက်အလက် အထောက်အထား များ သို့မဟုတ် ထိုအထောက်အထားများမှ သတင်းအချက် အလက်များ၊ သင်၏ လူဝင်မှုအဆင့်အတန်းနှင့် ရာဇဝင် (၎င်းတွင် လူဝင်မှုလိမ်လည်မှုနှင့် ဖြစ်မှုတို့လည်းပါဝင်နိုင် သည်) နှင့် အခြားသက်ဆိုင်သော ရာဇဝတ်မှုရာဇဝင် သတင်းအချက်အလက်တို့၏ မိတ္တူကို ထုတ်ပေးမည် ဖြစ်သည်။

ထိုသို့ထုတ်ဖေါ်ခြင်း၏ရည်ရွယ်ချက်မှာ သင်မည်သူမည်ဝါ ဖြစ်ကြောင်းကို အတည်ပြုနိုင်ရန် ကူညီပေးခြင်းဖြစ်ပြီး သင်သည် တစ်ခြားဌာနများသို့လည်း သင်၏ကိုယ်ရေးပုံစံဖြင့် အလားတူတင်ပြထားခြင်းမျိုးရှိမရှိကို ဆုံးဖြတ်နိုင်ရန်လည်း ဖြစ်သည်။

အကယ်၍သင်သည် နိုင်ငံတစ်ခု၏အစိုးရနှင့်ပါတ်သက်၍ တင်ပြချက်အပေါ်အခြေခံပြီးပြည်ပမှလူသားချင်းစာနာမှု သို့မဟုတ် အကာအကွယ်ဗီဇာလျှောက်ထားခြင်းကို ပြုလုပ် ထားပါက ဌာနသည် သင်သည် ဩစတြေးလျားတွင် ရှိမနေလျှင် သင်၏ကိုယ်ရေးအချက်အလက်များကို ထိုအစိုးရထံသို့ ဝေမျှမည်မဟုတ်ပါ။ သို့သော် သင်သည်

- ထိုနိုင်ငံသို့ပြန်ရန် တောင်းဆို သို့မဟုတ် သဘောတူ ထားလျှင်
- ဩစတြေးလျားနိုင်ငံက အကာအကွယ်ပေးသင့်သည် ဟု မတွေ့ရှိပါက သင်၏ကိုယ်ရေးအချက်အလက် များကို ထိုအစိုးရထံသို့ ဝေမျှနိုင်သည်။

| | |
|---|---|
| *အဖွင့်စာမျက်နှာ* | **www.homeaffairs.gov.au** |
| *အထွေထွေစုံစမ်းရန် ဖုန်းလိုင်း* | ဖုန်းနံပါတ် **131 881** ကိုရုံးချိန်အတွင်း ဩစတြေးလျားနိုင်ငံ တွင် ဆက်၍ ဖုန်းဖြေသူကို ပြောပြပါ။ (ရုံးချိန်ပြင်ပတွင် အသံဖမ်းထားသည့် သတင်းအချက်အလက်များ ရနိုင်ပါ သည်။) အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံပြင်ပတွင် ဖြစ်ပါက၊ သင်နှင့်အနီးဆုံးဩစတြေးလျားသံတမာန်အဖွဲ့ကို ဆက်သွယ်ပါ။ |

© COMMONWEALTH OF AUSTRALIA, 2020